**Karenni Civil Society Network**


P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com

စက်တင်ဘာလ ၁၀ ရက်၊ ၂၀၂၆ ခုနှစ်

## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ တစ်လတစ်ကြိမ် အခြေအနေ တင်ပြချက်၊
## ဩဂုတ်လ ၁-၃၁ ရက်နေ့ထိ၊၂၀၂၆ ခုနှစ်
## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ်အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်- ၂၀၂၁ မှ ဇူလိုင်လ- ၃၁ရက်၊ ၂၀၂၆ | ဩဂုတ်လ ၁- ၃၁ရက်၊ ၂၀၂၆ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၇၄၅ | ၉ | ၇၅၄ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၅၉၂ | | ၅၉၂ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၁၀၂၃ | ၁၀ | ၁၀၃၃ |
| ၄ | အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ | | | |
| | လွိုင်ကော်မြို့နယ် | ၁၅၈၆ | | ၁၅၈၆ |
| | ဒီးမော့ဆိုမြို့နယ် | ၇၂၁ | ၁၅ | ၇၃၆ |
| | မယ်စဲ့မြို့နယ် | ၃၇ | | ၃၇ |
| | ဖယ်ခုံမြို့နယ် | ၈၅၆ | | ၈၅၆ |
| | ဖရူဆိုမြို့နယ် | ၂၇၃ | ၂ | ၂၇၅ |
| | ဘောလခဲမြို့နယ် | ၃၅ | | ၃၅ |
| | ရှားတောမြို့နယ် | ၅၆ | | ၅၆ |
| | ဖားဆောင်းမြို့နယ် | ၁၉၈ | | ၁၉၈ |

စကစ စစ်ဆင်ရေးနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ဩဂုတ်လ ၁- ၃၁ ရက်နေ့ထိ၊



စစ်ကောင်စီ၏ ပစ်ခတ်မှု၊ လေကြောင်းတိုက်ခိုက်မှုနှင့် ဒရုန်းဗုံးကြဲတိုက်ခိုက်မှုများကြောင့် ဒီးမော့ဆို၊ ဖရူဆို၊ နှင့် လွိုင်ကော်မြို့နယ်များတွင် အရပ်သားကိုးဦးသေဆုံးပြီး ဆယ်ဦးဒဏ်ရာရရှိ

ဩဂုတ်လ အတွင်း အာဏာသိမ်းစစ်တပ်သည် ၎င်းတို့ထိန်းချုပ်ထားသော ဒီးမော့ဆို-ဖရူဆိုမြို့ကြားရှိ ပြည်ထောင်စုလမ်းမကြီးတွင် စစ်ရေးလုပ်ရှာမှုများကို ယခင်လများကဲ့သို့ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ ဖရူဆိုမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် စစ်ရှောင်စခန်းများကို စစ်ကောင်စီတပ်မှ ပစ်မှတ်ထားပြီး ဒရုန်းဖြင့် ကင်းထောက်မှုများနှင့် ဒရုန်းဗုံးကြဲတိုက်ခိုက်မှု ပိုမိုလုပ်ဆောင်ခဲ့သည်။ ဩဂုတ်လအတွင်း စစ်ကောင်စီ၏ သေနတ်ဖြင့်ပစ်ခတ်မှု၊ လေကြောင်းတိုက်ခိုက်မှုနှင့် ဒရုန်းဗုံးကြဲတိုက်ခိုက်မှုများကြောင့် ဒီးမော့ဆို၊ ဖရူဆို၊ နှင့် လွိုင်ကော်မြို့နယ်များတွင် အရပ်သား ၉ဦးသေဆုံးပြီး ၁၀ဦးဒဏ်ရာရရှိခဲ့သည်။

*ဩဂုတ်လအတွင်း ဖြစ်ပွားခဲ့သော ပဋိပက္ခများ၏ အချိန်ဇယား*

ဩဂုတ်လ ၃ရက်၊ မွန်းလွဲပိုင်းအချိန် ဖရူဆိုမြို့ အရှေ့ဘက်ခြမ်းကို စစ်ကောင်စီတပ်မှ ဒရုန်းဗုံးကြဲတိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းကြောင့် မြေပဲစိုက်ပျိုးနေသော အသက်၄၀ဝန်းကျင်အရွယ် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဩဂုတ်လ ၄ရက်၊ ညနေ၆နာရီခွဲအချိန် ဖရူဆိုမြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာကို စစ်ကောင်စီတပ်၏ ဒရုန်းဗုံးကြဲတိုက်ခိုက်မှုကြောင့် ၅လသားကလေးငယ်တစ်ဦးအပါအဝင် အရပ်သား စုစုပေါင်း၅ဦးသေဆုံးခဲ့ပြီး ၃ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဩဂုတ်လ ၆ရက်၊ ညနေ၆နာရီဝန်းကျင်အချိန် ဒီးမော့ဆိုမြို့အနောက်ဘက်ခြမ်းရှိ နေရာတစ်ခုကို စစ်ကောင်စီတပ်မှ လေကြောင်းဗုံးကြဲတိုက်ခိုက်မှု နှစ်ကြိမ်ပြုလုပ်ခဲ့ခြင်းကြောင့် စစ်ရှောင်အမျိုးသား အသက်၅၀အရွယ်တစ်ဦး ဗုံးစထိမှန်ပြီးသေဆုံးခဲ့သည်။ ထို့အပြင် ထိခိုက်ဒဏ်ရာရရှိသူ ၂ဦးရှိပြီး စစ်ရှောင်နေအိမ်၁လုံးနှင့် ဆိုင်ကယ်၃စီး ပျက်စီးသွားခဲ့သည်။

ဩဂုတ်လ ၁၁ရက်၊ မွန်းလွဲ၂နာရီကျော်အချိန် ဖရူဆိုမြို့နယ်အတွင်း စစ်ကြောင်းထိုးနေသော စစ်ကောင်စီတပ်သည် ဖရူဆိုမြို့နယ်၊ ဒေါပိုရှေ့ကျေးရွာထဲတွင် တပ်စွဲထားခဲ့ပြီး ရွာတွင်းရှိနေအိမ် ၃လုံးကို မီးရှို့ဖျက်ဆီးခဲ့သည်။

ဩဂုတ်လ ၁၁ရက်၊ လွိုင်ကော်မြို့အရှေ့ဘက်ခြမ်းရှိ စစ်ရှောင်စခန်းတစ်နေရာကို စစ်ကောင်စီတပ်မှ ဒရုန်းဗုံးကြဲတိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းကြောင့် အသက်၄၆နှစ်အရွယ် စစ်ရှောင်အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦးဗုံးစထိမှန်ခဲ့ပြီး ထိခိုက်သေဆုံးခဲ့သည့်အပြင် နှစ်ဦး ထိမှန်ဒဏ်ရာရရှိသွားခဲ့သည်။

ဩဂုတ်လ ၁၅ ရက်၊ ဖရူဆိုမြို့နယ်ရှိ ကျေးရွာ ၃ ရွာကို တရက်အတွင်း စစ်ကောင်စီတပ်မှ ဒရုန်းများဖြင့် ၆ ကြိမ် ဗုံးကြဲတိုက်ခိုက်ခဲ့သည့်အတွက် နေအိမ်အချို့ထိခိုက်ပျက်စီးသွားခဲ့သည်။

ဩဂုတ်လ ၂၀ရက်နေ့ ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ (IEC) လက်အောက်တွင် ကယ်ဆယ်ရေးတာဝန်ထမ်းဆောင်နေသော အသက်၂၆နှစ်အရွယ် လူငယ်အမျိုးသားတစ်ဦးသည် ဖရူဆိုမြို့နယ်ရှေ့တန်းတစ်နေရာတွင် စစ်ကြောင်းထိုးနေသော စစ်ကောင်စီတပ်နှင့် ထိပ်တိုက်တွေ့ဆုံသဖြင့် ဖမ်းဆီးခြင်းခံခဲ့ရပြီး စစ်ကောင်စီတပ်၏ ရက်စက်စွာသတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။

ဩဂုတ်လ ၂၁ရက်၊ မွန်းလွဲ ၁နာရီကျော်အချိန် ဖရူဆိုမြို့အနောက်ဘက်ခြမ်းရှိ ကျေးရွာတစ်ရွာကို စစ်ကောင်စီတပ်မှ ဒရုန်းဖြင့်နှစ်ကြိမ်တိုက်ခိုက်မှုပြုလုပ်ပြီး ဗုံး၄လုံးကြဲခဲ့ခြင်းကြောင့် နေအိမ် ၂လုံးနှင့် ဆိုင်ကယ်၄စီး ထိမှန်ပျက်စီးခဲ့သည်။

ဩဂုတ်လ ၂၂ရက်၊ မွန်းလွဲအချိန် ဖရူဆိုမြို့နယ်၊ ဖရူဆိုမြို့အရှေ့ဘက်ရှိ ကျေးရွာတစ်ရွာကို စစ်ကောင်စီတပ်မှ ဒရုန်းဖြင့် ဗုံးနှစ်လုံးကြဲတိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းကြောင့် ကျောင်းပိတ်ရက်တွေ မိဘနှင့်အတူ တောင်ယာလုပ်နေသော အသက်၁၇နှစ်အရွယ် အထက်တန်းကျောင်းသူတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဩဂုတ်လ ၂၅ရက်၊ မွန်းလွဲပိုင်းအချိန် ဖရူဆိုမြို့အရှေ့ဘက်ခြမ်းရှိ တောင်ယာလုပ်ကိုင်နေသော နေရာတစ်ခုကို စစ်ကောင်စီတပ်မှ ဒရုန်းဗုံးကြဲတိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းကြောင့် အသက်၃၅နှစ်အရွယ် အမျိုးသမီးတစ်ဦး ဗုံးစထိမှန်ပြီး ပြင်းထန်ဒဏ်ရာရရှိခဲ့သည်။

ဩဂုတ်လ ၂၆ရက်နေ့တွင် စစ်ကောင်စီတပ်၏ ရုတ်တရက်စစ်ကြောင်းထိုးဝင်ရောက်လာခြင်းကြောင့် ဖရူဆိုမြို့နယ်ရှိ ကျေးရွာတစ်ရွာတွင်နေထိုင်သော ဒေသခံများသည် စစ်ကောင်စီတပ်၏ အနီးကပ်ပစ်ခတ်မှုနှင့် တွေ့ကြုံခဲ့ရပြီး ထွက်ပြေးတိမ်းရှောင်နေစဉ်တွင် အမျိုးသားတစ်ဦး၏ လက်မောင်းတစ်ဖက်

သေနတ်ပစ်ခတ်မှုဒဏ်ရာ ပြင်းထန်စွာရရှိခဲ့သည်။ ထိုကျေးရွာအပါအဝင် အနီးရှိကျေးရွာပေါင်း၄ရွာ ထွက်ပြေးတိမ်းရှောင်ကြရသည်။

ဩဂုတ်လ ၂၇-၂၈ရက်၊ မိုးဗြဲတွင် တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့များနှင့် စစ်ကောင်စီတပ်တို့ကြား တိုက်ပွဲဖြစ်ပွားနေစဉ် မိုးဗြဲ၊ လွိုင်ကော်၊ လွယ်လင်လေးမြို့ရှိ စစ်ကောင်စီတပ်ရင်းများသည် လက်နက်ကြီးအလုံး၈၀ထက်မနည်း ပစ်ခတ်ခဲ့သောကြောင့် ဒေသခံများ စိုးရိမ်ထိတ်လန့်ခဲ့ရသည်။

ဩဂုတ်လ ၂၈ရက်၊ ည၇နာရီကျော်အချိန် ဒီးမော့ဆိုမြို့နယ် နန်းမယ်ခုံမြို့ကို စစ်ကောင်စီတပ်မှ ဂျက်လေယာဉ်ဖြင့် ပေါင်၅၀၀ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် ဒေသခံနေအိမ် ၁၀လုံးထက်မနည်းပျက်စီး ဆုံးရှုံးခဲ့သည်။

**contact persons:**
Khu Ko Reh Tel: +66 65 329 7814
Maw Thue Myar Tel: +66 63 608 3153
Website : www.karennicsn.org
Facebook: https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com